# SALT LAKE CITY စီရင်စုကျောင်း ပညာရေး ဘုတ်အဖွဲ့

## <u>လုံခြုံဘေးကင်းသည့် စာသင်ကျောင်းဖြစ်စေရေး သန္နိဋ္ဌာန်ချမှတ်ချက်</u>

### အသေးစိတ်ဖော်ပြချက်များ

**စင်စစ်အားဖြင့်** အမေရိကန်ပြည်ထောင်စုအတွင်းမှ ကလေးအားလုံးတို့သည် ၎င်းတို့၏ (သို့) ၎င်းတို့မိဘများ၏ အမှန်တကယ် (သို့) လက်ခံထားသည့် မူရင်းနိုင်ငံသား၊ နိုင်ငံသားဖြစ်တည်မှု (သို့) လူဝင်မှု အခြေအနေတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အခမဲ့နှင့် သင့်လျော်သော အစိုးရ မူလတန်းနှင့် အလယ်တန်း ပညာရေး သင်ကြားပိုင်ခွင့် ရှိကြပါသည်၊

**စင်စစ်အားဖြင့်** ဘုတ်အဖွဲ့သည် ကျောင်းသား/သူအားလုံးတို့ကို လက်ခံကြိုဆိုပြီး ပညာသင်ကြားပေးရန်နှင့် နေ့စဉ်နေ့တိုင်းတွင် စာသင်ခန်းတိုင်းမှ ကျောင်းသား/သူတိုင်းကို အကောင်းဆုံးသော သာတူညီမျှ ပညာသင်ကြားပို့ချရေးအတွက် ၎င်း၏တာဝန်ဝတ္တရားကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိကြောင်း လက်ခံယုံကြည်ထားကြပါသည်။

**စင်စစ်အားဖြင့်** ဘုတ်အဖွဲ့သည် စာသင်ကျောင်းများနှင့် စီရင်စုကျောင်း အဆောက်အဦးဌာနများအနေဖြင့် ကျောင်းသူ/သားများနှင့် မိသားစုအားလုံးတို့အတွက် ဘေးကင်းလုံခြုံပြီး လက်ခံကြိုဆိုလျှက်ရှိသော - စီရင်စုကျောင်းအနေဖြင့် လူဝင်မှု အခြေအနေ၊ လူမျိုးစုဖြစ်တည်မှု၊ မူရင်းနိုင်ငံသား၊ လူမျိုး (သို့) ကိုးကွယ်သည့် ဘာသာတို့အပေါ် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကျောင်းသူ/သားများ၏ လုံခြုံရေးနှင့် စိတ်ခံစားချက် ကျန်းမာကောင်းမွန်ရေးကို ပံ့ပိုးပေးသွားမည်ဟု သိရှိထားသည့်အလျောက် ၎င်းတို့၏ ပညာရေးအပေါ် အာရုံစူးစိုက်နိုင်စွမ်းရှိကြသော - ဌာနများဖြစ်စေရန် ကတိပြုထားပါသည်၊

**စင်စစ်အားဖြင့်** မိဘများသည် ၎င်းတို့၏ကလေးများ ကျောင်းတွင်ရှိနေစဉ် ပြည်နှင်ဒဏ်ပေးခြင်း ဖြစ်ပွားလိမ့်မည် (သို့) လူဝင်မှုကြီးကြပ်ရေး အရာရှိများက မိမိတို့ကျောင်းများတွင် ပါဝင်ပတ်သက်မှုရှိနိုင်သည်ဟူသော စိုးရိမ်ချက်များဖြင့် ၎င်းတို့ကလေးများကို စာသင်ကျောင်းသို့ ပို့လွှတ်ရသည်နှင့်ပတ်သက်၍ ပူပင်သောကများကို ဖော်ပြထားကြပါသည်၊

**စင်စစ်အားဖြင့်** စီရင်စုကျောင်းသည် ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျောင်းသူ/သားတစ်ဦး၏ (သို့) ကျောင်းသူ/သား၏ မိဘများ နှင့်/သို့မဟုတ် အုပ်ထိန်းသူများ၏ လူဝင်မှု အခြေအနေနှင့်ပတ်သက်ပြီး စုံစမ်းနိုင်ခြင်းမရှိသလို မေးမြန်းမည် မဟုတ်ပါ၊

**စင်စစ်အားဖြင့်** အမေရိကန် ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်များဆိုင်ရာ ဥပဒေဖော်ဆောင်ရေး (ICE) ဌာန ပေါ်လစီသည် အစိုးရကျောင်းများကို ပုံမှန်ပညာသင်ကြားမှု ဆောင်ရွက်နေစဉ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေဖော်ဆောင်ရေး လုပ်ဆောင်ချက်များ ဖြစ်ပွားနိုင်ခြင်းမရှိသည့် "အထူးဖြစ်သော တည်နေရာများ" အဖြစ် အထူးဖော်ပြထားပြီး စီရင်စုကျောင်းကို ပြည်မလူဝင်မှုကြီးကြပ်ရေး အာဏာပိုင်အဖွဲ့များက ယနေ့အချိန်ကာလအထိ တစ်စုံတစ်ရာသော အဆက်အသွယ်မျှ မရှိခဲ့ပါ၊

**စင်စစ်အားဖြင့်** ပြည်မလူဝင်မှုကြီးကြပ်ရေး ဥပဒေဖော်ဆောင်မှု လုပ်ဆောင်ချက်များသည် မိမိတို့၏

စာသင်ကျောင်းများတွင်၊ အကြိုအပို့ သယ်ယူပို့ဆောင်ရေး လမ်းခရီးများတွင်၊ မိမိတို့၏ စီရင်စုကျောင်း ပိုက်နက်ထဲတွင် (သို့) မိမိတို့ကျောင်းမှ အစီအစဉ်အရ လုပ်ဆောင်ချက်များ ဆောင်ရွက်နေစဉ်တွင် ဖြစ်ပွားခဲ့လျှင် ဤလုပ်ဆောင်ချက်သည် အကျိုးအကြောင်း မခိုင်လုံသည့် ရှာဖွေဖမ်းဆီးမှုများမှ ကင်းလွတ်ပိုင်ခွင့်နှင့် အခမဲ့ အစိုးရကျောင်းပညာရေး သင်ကြားခွင့်ရရှိရေးတို့မှ ကျွန်ုပ်တို့ ကျောင်းသူ/သားများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရပိုင်ခွင့်များဖြင့် လေ့လာသင်ကြားမှု အခြေအနေများကို သိသာထင်ရှားစွာ နှောင့်အယှက်ပြုပြီး များစွာ ဝင်ရောက်စွက်ဖက်သွားလိမ့်မည်ဟု ဘုတ်အဖွဲ့က လေ့လာသိရှိထားပါသည်။

## RESOLUTION

**ဤသည့်အတွက် ယခုအခါ ဖြေရှင်းထားသည်မှာ** - ဘုတ်အဖွဲ့သည် စီရင်စု ကျောင်းသူ/သားအားလုံးတို့အတွက် လူမျိုးစုဖြစ်တည်မှု၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ မူရင်းနိုင်ငံသား (သို့) လူဝင်မှု အခြေအနေတို့အပေါ် မထည့်တွက်ဘဲ မိမိတို့၏ ကျောင်းများတွင် တက်ရောက်ပြီး ရရှိနိုင်သည့် အခွင့်အလမ်းများနှင့် အကျိုးခံစားခွင့်များ ရရှိကြစေရန်နှင့် နှောင့်ယှက်မှုနှင့် ခြိမ်းခြောက်မှုများမှ ကင်းစင်စေရန်အတွက် တန်းတူ အခွင့်အလမ်းတစ်ရပ် ပေးအပ်ရန် ကတိပြုချက်ကို ထပ်မံ၍ အလိုင်အမာ ဖော်ပြအပ်ပါသည်။

**နောက်ထပ် ဖြေရှင်းထားသည်မှာ** - စီရင်စုကျောင်းသည် ကျောင်းသူ/သားများ၏ သီးသန့်ဖြစ်မှု ကာကွယ်ရေးအတွက် ဆက်လက်ကတိပြုဖော်ပြရာတွင် ကျောင်းတော်သည် မိမိတို့ ကျောင်းသူ/သားများ၏ လူဝင်မှု အခြေအနေများနှင့်ပတ်သက်၍ ရယူခြင်းမပြုရန် (သို့) ထိန်းသိမ်းခြင်းမပြုရန် ကျင့်ထုံးကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ပါသည်။

**နောက်ထပ် ဖြေရှင်းထားသည်မှာ** - ဘုတ်အဖွဲ့၏ တည်ဆဲ ပေါ်လစီများနှင့် စီရင်စုကျောင်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရန် စီရင်စုကျောင်းသည် ပြည်မလူဝင်မှုကြီးကြပ်ရေး ဥပဒေများဖော်ဆောင်ရန် ကြိုးပမ်းလျှက် တသီးပုဂ္ဂလ (သို့) အေဂျင်စီအဖွဲ့တို့ ပါဝင်သည့် လာရောက်မှုများက ပညာသင်ကြားမှု သတ်မှတ်ဘောင်များကို အနှောင့်အယှက်ပေးမည်ဆိုလျှင် တသီးပုဂ္ဂလ (သို့) အဖွဲ့အစည်းကို ကျောင်းဌာနဝန်း (သို့) စီရင်စုကျောင်း ဌာနတစ်ခုအတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။ စီရင်စုကျောင်းသည် မိမိတို့ ကျောင်းသူ/သားများ၏ လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို ကာကွယ်သွားရန်နှင့် ကျောင်းသူ/သားများ၏ လေ့လာသင်ကြားမှု အခြေအနေများကို လူဝင်မှုကြီးကြပ်ရေး ဥပဒေဖော်ဆောင်ချက်များမှ နှောင့်ယှက်မှု ကင်းရှင်းစေရန်အတွက် စာသင်ကျောင်း၏ တရားဝင် အခွင့်အာဏာဘောင်အတွင်းမှ အရာခပ်သိမ်း လုပ်ဆောင်သွားမည်ဖြစ်သည်။ အနှောင့်အယှက်များတွင် ပါဝင်ကြသည်တို့မှာ -

- ပြည်မ၊ ပြည်နယ် (သို့) ဒေသတွင်း ကိုယ်စားလှယ် (သို့) အရာရှိ တစ်ဦးတစ်ယောက်တို့က (a) စီရင်စုကျောင်း တစ်ကျောင်း (သို့) အခြားသော စီရင်စုကျောင်း ပိုက်နက်အတွင်းသို့ ဝင်ရောက်ရန်၊ (b) ကျောင်းသူ/သားတစ်ဦးသည် တစ်စုံတစ်ရာသော ကျောင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအတွင်း (သို့) ဒီရင်စုကျောင်း၏ သယ်ယူပို့ဆောင်ရေး အသုံးပြုမှုအတွင်းရှိပြီး စီရင်စုကျောင်း၏ ကြီးကြပ်မှုအောက်တွင်ရှိနေစဉ် ကျောင်းသူ/သားတစ်ဦးနှင့် ဆက်သွယ်ပြောဆိုရန် (သို့) (c) မိမိတို့ ကျောင်းသူ/သားများကြောင်း သတင်းအချက်အလက် တစ်ခုခုရယူရန် တောင်းဆိုလာသည့်အခါ စီရင်စုကျောင်း၏ ဝန်ထမ်းအားလုံးတို့သည် ပေါ်လစီနှင့် တရားဝင် လုပ်ငန်းများဆိုင်ရာ

ညွှန်ကြားရေးမှူးချုပ်ကို ချက်ချင်း ဆက်သွယ်အကြောင်းကြားရပါမည်။ အဆိုပါတောင်းခံချက်ကို ပေါ်လစီနှင့် တရားဝင် လုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးသုံးသပ်ပြီးသည်အထိ မည်သည့်တောင်းဆိုချက်ကိုမျှ ခွင့်ပြုပေးမည်မဟုတ်ပါ။

- ယင်းကဲ့သို့တောင်းဆိုချက်များအား စစ်ဆေးသုံးသပ်ပြီး တုန့်ပြန်ရာတွင် ပေါ်လစီနှင့် တရားဝင် လုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေအရ တွေ့ဆုံပေးရန် လိုအပ်ခြင်းမရှိလျှင် မိမိတို့ ကျောင်းသူ/သားကို တွေ့ခွင့်ပြုသွားမည်မဟုတ်ဘဲ စီရင်စုကျောင်းမှ ကျောင်းသူ/သားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရနှင့် တရားဝင် ရပိုင်ခွင့်များကို ကာကွယ်သွားရန် စီရင်စုကျောင်း၏ တရားဝင် အခွင့်အာဏာဘောင်အောက်တွင် အရာခပ်သိမ်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဥပမာ - အဆိုပါအရာရှိသည် ပြည်မ (သို့) ပြည်နယ် တရားသူကြီး (သို့) စီရင်စုဒေသ တရားသူကြီးတစ်ဦးက ထုတ်ပြန်ပေးထားသည့် တရားဝင် ရှာဖွေရေးအမိန့်စာ ပါလာခြင်းမရှိလျှင် ကျောင်းသူ/သား တစ်ဦးဦးနှင့် တွေ့ဆုံမှုကို အလွန့်အလွန် ဖြစ်ခဲလှသော ခြွင်းချက်ဖြစ်ရပ်များမှလွဲ၍ ငြင်းဆိုသွားပါမည်။ ပြည်မဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဖြစ်နိုင်ဖွယ် အလွန်နည်းပါးပြီး ရှားပါးသည့် "အရေးတကြီး အခြေအနေများ" တွင် စီရင်စုကျောင်းသည် တရားဝင် ရှာဖွေရေး အမိန့်စာတစ်ရပ်မပါဘဲ တွေ့ဆုံခွင့်ပြုရန် ဥပဒေအားဖြင့် လိုအပ်မည်ဖြစ်သည်။ သို့သော် အရေးတကြီး အခြေအနေများသည် ယေဘုယျအားဖြင့် ဥပဒေဖော်ဆောင်ရေး အဖွဲ့သည် ထွက်ပြေးနေသည့် ရာဇဝတ်မှုဆိုင်ရာ သံသယရှိသူတစ်ဦးနောက်သို့ အပူတပြင်း လိုက်လံနေစဉ် (သို့) ရာဇဝတ်မှုတစ်ခု၏ သက်သေအထောက်အထားကို ဖျက်ဆီးပစ်တော့မည့် အခြေအနေများ ပါရှိနေသည့်အတွက် မိမိတို့၏ ကျောင်းသူ/သားများအနေဖြင့် ကျောင်းလုပ်ငန်းများ လုပ်ဆောင်နေကြစဉ် အရေးတကြီး အခြေအနေများ ဖြစ်ပွားမည့်အရေးမှာ လုံးဝ အလားအလာ မရှိပါ။

- ကျောင်းသူ/သား၏ သတင်းအချက်အလက်ရရှိရေး တောင်းဆိုချက်သို့ တုန့်ပြန်လုပ်ဆောင်ရာတွင် ပေါ်လစီနှင့် တရားဝင် လုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်သည် (FERPA) ခေါ် မိသားစု ပညာရေးသင်ကြားပိုင်ခွင့်နှင့် ကိုယ်ရေးသီးသန့်ဆိုင်ရာ အက်ဥပဒေ၊ ကျောင်းသူ/သားများ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပုဂ္ဂိုလ်ရေး ဥပဒေများ၊ တရားရေး အမိန့်စာဆိုင်ရာ စံချိန်စံညွှန်းများနှင့် ထုတ်ဖော်ပြောဆိုမှုနှင့်ပတ်သက်သည့် သက်ဆိုင်ရာ အခြား ကန့်သတ်ချက်များနှင့်အညီ လိုက်နာလုပ်ဆောင်သွားပါမည်။ ဤသုံးသပ်စစ်ဆေးချက်ကို တစ်စုံတစ်ရာသော သတင်းအချက်အလက် ပေးအပ်ခြင်းမပြုမီ ဆောင်ရွက်သွားပါမည်။

**နောက်ထပ် ဖြေရှင်းထားသည်မှာ** - စီရင်စုကျောင်းသည် လူဝင်မှုကြီးကြပ်ရေး ဥပဒေဖောင်ဆောင်ချက်များမှ သက်ရောက်မှုရှိခဲ့သူ မိမိတို့ကျောင်းသူ/သားများ၏ လုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေး အထောက်အကူဖြစ်စေရန် ၎င်း၏ ရှိဆဲဖြစ်သော အကြုပ်အနည်းနှင့် အရေးပေါ်အခြေအနေ တုန့်ပြန်ဆောင်ရွက်ရေး အသင်းများအတွက် သင်တန်းများနှင့် ဖြည့်ဆည်း ရင်းမြစ်များလိုအပ်လျှင် ပေးအပ်သွားမည်ဖြစ်ပြီး

**နောက်ထပ် ဖြေရှင်းထားသည်မှာ** - စီရင်စုကျောင်းသည် ယခုသန္နိဋ္ဌာန်ချမှတ်ချက်ကို ကျောင်း၌ အဓိကအသုံးများသော ဘာသာစကား အားလုံးတို့ဖြင့် ကျောင်းဌာန နေရာတိုင်းတွင် စာစောင်ကပ်သွားမည်ဖြစ်သည့်အပြင် ၎င်းကို စီရင်စုကျောင်း ဝန်ထမ်းများနှင့် မိဘပြည်သူများထံသို့ ဝေငှပေးအပ်သွားမည်ဖြစ်ပြီး

**နောက်ထပ် ဖြေရှင်းထားသည်မှာ -** ဘုတ်အဖွဲ့နှင့် စီရင်စုကျောင်းသည် ယခုသန္နိဋ္ဌာန်ချမှတ်ချက်၏ ကတိပြုချက်များ ဖော်ဆောင်လုပ်ဆောင်ရန်အတွက် လိုအပ်သည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မွမ်းမံလုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါကတိများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေမည်ဖြစ်သည်။

အထက်ဖော်ပြပါ သန္နိဋ္ဌာန်များကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ Salt Lake City မြို့အတွင်း ကျင်းပပြုလုပ်ခဲ့သော ပုံမှန် လူထုတွေ့ဆုံဆွေးနွေးပွဲတွင် Salt Lake City စီရင်စုကျောင်း၏ ပညာရေးဆိုင်ရာ ဘုတ်အဖွဲ့က ဤနေရာတွင် အတည်ပြုလျှက် ချမှတ်လိုက်ပါသည်။

| | |
|---|---|
| ______________________________ | ______________________________ |
| Heather Bennett (ဘုတ်အဖွဲ့ ဥက္ကဋ္ဌ) | Katherine Kennedy (ဘုတ်အဖွဲ့ ဒုဥက္ကဋ္ဌ) |
| ______________________________ | ______________________________ |
| Rosemary Emery (ဘုတ်အဖွဲ့ဝင်) | Melissa Ford (ဘုတ်အဖွဲ့ဝင်) |
| ______________________________ | ______________________________ |
| Michael Nemelka (ဘုတ်အဖွဲ့ဝင်) | Tiffany Sandberg (ဘုတ်အဖွဲ့ဝင်) |
| ______________________________ | ______________________________ |
| Kristi Swett (ဘုတ်အဖွဲ့ဝင်) | Alexa Cunningham (ကြီးကြပ်ရေးမှူး) |